# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၇၅ / ၂၀၂၄

၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်

( ၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၅ ရက် )

## မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့နှင့် ဗဟိုလုပ်ငန်းအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ ၂၀၁၄ ခုနှစ်၊ မြန်မာအထူးစီးပွားရေးဇုန်ဥပဒေအခန်း (၃)၊ ပုဒ်မ ၅၊ ပုဒ်မခွဲ (ခ)နှင့် အခန်း (၄)၊ ပုဒ်မ ၇၊ ပုဒ်မခွဲ (ဂ) တို့အရ **"မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့နှင့် ဗဟိုလုပ်ငန်းအဖွဲ့"** တို့ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) ဗဟိုအဖွဲ့

| | | |
|---|---|---|
| ( ၁ ) | ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ<br>ဒုတိယဝန်ကြီးချုပ် | ဥက္ကဋ္ဌ |
| ( ၂ ) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၃ ) | ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၄ ) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး<br>ဝန်ကြီးဌာန ( ၁ ) | အဖွဲ့ဝင် |
| ( ၅ ) | ပြည်ထောင်စုဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၆ ) | ပြည်ထောင်စုဝန်ကြီး<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ၇ ) | ပြည်ထောင်စုဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၈) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ပြည်ထောင်စုဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | ပြည်ထောင်စုဝန်ကြီး<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ပြည်ထောင်စုဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | ပြည်ထောင်စုဝန်ကြီး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၅) | သက်ဆိုင်ရာဝန်ကြီးချုပ်<br>တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (၁၆) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး<br>ဝန်ကြီးဌာန (၂) | အတွင်းရေးမှူး (၁) |
| (၁၇) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး (၂) |
| (၁၈) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

မှတ်ချက်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးများအား လိုအပ်ပါက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေးများသို့ တက်ရောက်ရေး ဖိတ်ကြားဆောင်ရွက်ရန်။

(ခ) မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဗဟိုအဖွဲ့သည် မြန်မာအထူးစီးပွားရေးဇုန် ဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ခြင်း၊ ကြီးကြပ်ခြင်းနှင့် လိုက်နာခြင်း၊

(၂) အထူးစီးပွားရေးဇုန် တည်ထောင်ခြင်းအတွက် အဆိုပြုချက်၊ သင့်လျော်သည့်နေရာ၊ လိုအပ်သည့် နယ်မြေဧရိယာ၊ အကျယ်အဝန်းနှင့် နယ်နိမိတ်ပိုင်းခြားသတ်မှတ်ချက်တို့ကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၏ သဘောထားရယူစိစစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(၃) ဗဟိုလုပ်ငန်းအဖွဲ့များနှင့် စီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းပြီး စီမံကိန်းနှင့်အစီအစဉ်များ ချမှတ်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ ဆက်သွယ်ညှိနှိုင်းပေးခြင်း၊

(၄) အထူးစီးပွားရေးဇုန်အလိုက် လုပ်ကိုင်ခွင့်ရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများ သတ်မှတ်ခြင်းနှင့် ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူအား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အကြီးစား၊ အလတ်စားနှင့် အသေးစားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအဖြစ် သတ်မှတ်ပြီး လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း၊

(၅) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အထူးစီးပွားရေးဇုန်အတွင်း သုံးစွဲရမည့် ငွေကြေးအမျိုးအစား သတ်မှတ်ခြင်း၊ အခွန်အခများ၊ မြေငှားရမ်းခနှင့် မြေအသုံးပြုခများကို ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များပေးခြင်း၊

(၆) အထူးစီးပွားရေးဇုန်တွင် အုပ်ချုပ်ရေး၊ လုံခြုံရေး၊ စီမံခန့်ခွဲရေးနှင့် စည်ပင်သာယာရေး စသည့်ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အဖွဲ့အစည်းများအား ဖွဲ့စည်းခြင်း၊ တာဝန်များသတ်မှတ်ပေးခြင်းနှင့်ကွပ်ကဲခြင်း။

(ဂ) ဗဟိုလုပ်ငန်းအဖွဲ့

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး<br>ဝန်ကြီးဌာန (၂) | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |

| | | |
|---|---|---|
| (၃) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယဝန်ကြီး<br>ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယဝန်ကြီး<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဒုတိယဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဒုတိယဝန်ကြီး<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၀) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | အမြဲတမ်းအတွင်းဝန်<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | အမြဲတမ်းအတွင်းဝန်<br>စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | အမြဲတမ်းအတွင်းဝန်<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | အမြဲတမ်းအတွင်းဝန်<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၅) | အမြဲတမ်းအတွင်းဝန်<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(၁၆) အမြဲတမ်းအတွင်းဝန် ဆောက်လုပ်ရေးဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၇) ညွှန်ကြားရေးမှူးချုပ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၈) ညွှန်ကြားရေးမှူးချုပ် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန — အတွင်းရေးမှူး

(၁၉) ညွှန်ကြားရေးမှူးချုပ် ကုန်သွယ်ရေးဦးစီးဌာန စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန — တွဲဖက်အတွင်းရေးမှူး

မှတ်ချက်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့၊ သက်ဆိုင်ရာဝန်ကြီးများအား လိုအပ်ပါက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့အစည်းအဝေးများသို့ တက်ရောက်ရေး ဖိတ်ကြားဆောင်ရွက်ရန်။

(ဃ) မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဗဟိုလုပ်ငန်းအဖွဲ့သည် စီမံခန့်ခွဲမှုကော်မတီ၊ ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူက တင်ပြသည့် အထူးစီးပွားရေးဇုန်တည်ဆောက်ရေး အဆိုပြုချက်၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအဆိုပြုချက်များ၊ အထူးဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို စိစစ်ခြင်းနှင့် ဗဟိုအဖွဲ့သို့ တင်ပြခြင်း၊

(၂) အထူးစီးပွားရေးဇုန်တွင် ဇုန်အမျိုးအစား၊ ဦးစားပေးလုပ်ငန်းများ၊ ဇုန်အလိုက် အကြီးစား၊ အလတ်စားနှင့် အသေးစားလုပ်ငန်းအမျိုးအစားများ သတ်မှတ်နိုင်ရေးအတွက်စိစစ်၍ ဗဟိုအဖွဲ့သို့တင်ပြပြီး သတ်မှတ်ချက်နှင့်အညီ လုပ်ကိုင်နိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေးခြင်း၊

(၃) နိုင်ငံတကာမှ အထူးစီးပွားရေးဇုန်ဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် အခြားဆောင်ရွက်သင့်သည့် အထူးစီးပွားရေးဇုန်များနှင့် နေရာဒေသတို့ကို လေ့လာ၍ ဗဟိုအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(၄) အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ ဥပဒေဆိုင်ရာများနှင့် အခြားကိစ္စရပ်များကို စိစစ်၍ အကြံပြုတင်ပြခြင်း။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၆ - ၉ - ၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၀၈ / ၂၀၂၃ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ